ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဖါပွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကတိုင်တိကျေးရွာ၊ ဖာပွန်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကတိုင်တိကျေးရွာ သယံဇာတပြဓေမြေပုံ၊ ဖါပွန်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**	၁၀
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၁
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၈
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၀
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံ ကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဩဂုတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကတိုင်တိကျေးရွာ

ဖါပွန်မြို့နယ်

ကတိုင်တိကျေးရွာ သယံဇာတပြမြေပုံ၊ ဖါပွန်မြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကတိုင်တိကျေးရွာသည် ကရင်ပြည်နယ်၊ ဖါပွန်ခရိုင်၊ ဖါပွန်မြို့နယ်၏ ကတိုင်တိ ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ယွန်းစလင်းချောင်း၊ ဒေဝါးနတ်ကျောက်အုပ်စုနှင့် ရွှေဖလားကျအုပ်စု၊ အနောက်ဘက်တွင် ကွင်းဒလကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ဆင်စွယ်ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ရေပူကျေးရွာအုပ်စု စသည်တို့ တည်ရှိနေပါသည်။ ကျေးရွာတွင် ကရင်၊ ဗမာ၊ မူစလင် စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး ဗမာလူမျိုးမှာ လူနည်းစု ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူထက် အအေးပိုလျှက် ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၅၅) ဧကနှင့် ဥယျာဉ်ခြံမြေ(၇၈) ဧက စုစုပေါင်း (၁၉၃) ဧက ရှိပါ သည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ သဲမြေဖြစ်သောကြောင့် ကောင်းမွန်ခြင်း မရှိပါ။ သဘာဝပေါက်ပင်များလည်း ပေါက်ရောက်မှု ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကတိုင်တိကျေးရွာ၏အဖွဲ့အစည်းများမှာ ရပ်မိရပ်ဖအဖွဲ့ (ကျား – ၉ ဦး)၊ ဂေါပကအဖွဲ့ (ကျား – ၁၃ + မ – ၄ = ၁၇ ဦး) ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့(ကျား – ၉ + မ – ၄ = ၁၃ ဦး)၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (ကျား – ၆ + မ – ၁ = ၇ ဦး)၊ ဓမ္မစကူးလ် ဖောင်ဒေးရှင်းအဖွဲ့ (ကျား – ၃ + မ – ၂ = ၅ ဦး)၊ ကာလသား ကာလသမီး အဖွဲ့ (ကျား – ၁၂ + မ – ၂၀ = ၃၂ ဦး) နှင့် အရံမီးသတ်အဖွဲ့ (ကျား – ၇ ဦး) အဖွဲ့(၇)ဖွဲ့ ရှိပါသည်။ ထိုအဖွဲ့အစည်းမှ ကျေးရွာအတွက် ပညာရေး၊ ငွေကြေး၊ ကျန်းမာ ရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာ ကွယ်ရေးစသည့် လိုအပ်သည့်နေရာများတွင် တက်ကြွစွာ ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများ ဖြစ်ကြ ပါသည်။ ကတိုင်တိကျေးရွာအတွက် ငွေးကြေးရင်းနှီးမြှုပ်နှံမှု ရရှိအောင် ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများ လိုအပ်နေပါသည်။

ကျေးရွာ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း များ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကတိုင်တိကျေးရွာတွင် ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၈) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၇) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် နှမ်းများကို အားထားစိုက်ပျိုးကြ ပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် (၁၄၃) အိမ်ထောင်စုရှိပြီး အများစုသည် နေ့စားကျပန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင် နေကြပါသည်။ ပြည်တွင်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်သူ ဦးရေ အနည်းငယ် ရှိပါသည်။

ကတိုင်တိကျေးရွာရှိ လယ်ယာမြေများသည် မိုးရေကို အဓိကအားထား စိုက်ပျိုးရသောကြောင့် စိုက်ပျိုးရေ လုံလောက်မှုမရှိပါ။ စပါးအထွက်နှုန်းမှာ တစ်ဧ အများဆုံး (၆၀) တင်း ထွက်ပြီး၊ နှမ်းအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄) ပုံးထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်း ထွန်စက် (၃) စီးနှင့် ရေစုပ်စက် (၁၀) လုံး ရှိပြီး လယ်ယာသုံးစက်ကိရိယာများ မရှိသော အိမ်ထောင်စုများသည် ကျွဲ၊ နွားများဖြင့် လုပ်ကိုင်ကြပါသည်။

ကတိုင်တိကျေးရွာတွင် သီးနှံများအထွက်တိုးစေရန် မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ၊ သဘာဝမြေဩဇာ၊ အော်ဂဲနစ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားသွင်းအားစုများကို လယ်ယာမြေ အတွက် ဝယ်ယူရရှိ နိုင်ပါသည်။ ကျေးရွာရှိ စိုက်ပျိုးရေး တောင်သူများသည် ကောက်စိုက်၊ စပါးရိတ်အတွက်လည်း လုပ်သားရရှိနိုင်မှု အခက်အခဲမရှိပါ။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ထွက်ရှိသော သီးနှံများအား ကာလပေါက်စျေးဖြင့် ရောင်းချနိုင်သော အနေအထားရှိပါသည်။

သီးနှံထုတ်လုပ်မှုတွင် သီးနှံပျက်စီးမှုနှင့်ရောဂါ ကျရောက်မှု ဖြစ်ပေါ်လျှင် ပိုးသတ်ဆေးများ ဝယ်ယူအသုံးပြုနိုင်သော်လည်း နည်းပညာသိရှိမှု အားနည်းပြီး အသုံးပြုပုံ နည်းလည်း မမှန်ကန်သောကြောင့် အထွက်နှုန်းနည်းပါး ပါသည်။ ချေးငွေပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို မရရှိပါ။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှနိုင်လျှင် အထွက်နှုန်း ကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၃၂) အိမ်ရှိပြီး နွားကောင်ရေ (၁၃၁) ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ နို့စားနွား(၅)ကောင်၊ အိမ်ထောင်စု (၁၇)အိမ် ဆိတ် (၇၀) ကောင်၊ အိမ်ထောင်စု (၁၀) အိမ်မှ ဝက် (၂၃) ကောင်၊ အိမ်ထောင်စု (၇၀) အိမ်မှ ကြက် (၆၇၇) ကောင်၊ အိမ်ထောင်စု (၈) အိမ်မှ ဘဲ (၂၅) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ မရှိပါ။ ကျေးရွာတွင် ငါးမွေးမြူခြင်းနှင့် ငါးဖမ်းခြင်းလုပ်ကိုင်သူ မရှိပါ။

မွေးမြူရေးနှင့်ဆိုင်သော နည်းပညာ၊ အတွေ့အကြုံနှင့် အသိပညာများ အားနည်းမှုကြောင့် ရာသီကူးပြောင်းချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားပြီး ပျက်စီးဆုံးရှုံးမှုများ အနည်းငယ်ရှိပါသည်။ စီးပွားဖြစ်လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းနှင့် ပတ်သက်သည့် နည်းပညာများ လိုအပ်နေပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ မရှိပါ။ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေ များလည်း လုံးဝမရရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ခြေ (၁၆၀) အိမ်အနက် (၁၄၇) အိမ်သည် ကုန်စုံဆိုင်၊ စားသောက်ဆိုင်နှင့် နေ့စားလုပ်ငန်းများကိုသာ အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ လက်သမား/ပန်းရံ အလုပ်လုပ်ကိုင်သော အိမ်ထောင်စု (၂)စု ၊ ဆိုင်ကယ် စက်ပြင်လုပ်ကိုင်သော အိမ်ထောင်စု(၃)စု ရှိ၍ ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၁) စု ရှိပါသည်။ ကျေးရွာတွင် အခြားသော ဒေသထွက်ကုန်များ ရောင်းချရန် စျေးကွက်ကောင်းမရှိပါ။ အလုပ်နှင့်လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ အသင့်အတင့် တတ်မြောက်မှု ရှိသော်လည်း အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရရှိသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း အလွန်နည်းပါးလှပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ပြင်ပမှ လာရောက်လုပ်ဆောင်ပေးနေသည့် ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မရှိပါ။ ကျေးရွာအတွင်း ငွေချေးပေးသူများ၊ မိတ်ဆွေနှင့် ဆွေမျိုးများဆီမှ အတိုးနှုန်းကြီးစွာဖြင့် ချေးငှားနိုင်ကြပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် လှေ(၃)စီး၊ စက်လှေ(၂)စီး၊ စက်ဘီး (၈၁) စီး ၊မော်တော် ဆိုင်ကယ် (၈၈) စီး၊ သုံးဘီးဆိုင်ကယ်(ထော်လာဂျီ (၇) စီး၊ ကား (၁၅) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်း ကွန်ကရစ်လမ်း (၃) လမ်းနှင့် မြေသား လမ်း (၁၀) လမ်းရှိပါသည်။ ကျေးရွာအတွင်း ကျန်ရှိနေသော မြေသားလမ်းများမှာ မိုးတွင်းကာလတွင် မိုးရေများပြားပါက လမ်းပျက်စီးမှုများ၊ လမ်းပေါ်ရွံ့ဗွက်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။ ချဉ်းကပ်လမ်း (၅)လမ်းနှင့် ကျေးရွာချင်းဆက်လမ်း (၇)လမ်းတို့သည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီအချိန်တွင် ဆိုင်ကယ်များသွားလာရခက်ခဲပြီး ပွင်းလင်းရာသီမှသာလျှင် အသုံးပြုကြပါသည်။ ကတိုင်တိ ကျေးရွာအတွင်း ရေပြွန်(၁)စင်းရှိပြီး လွန်ခဲ့သော(၂)နှစ်အတွင်း တည်ဆောက်ခဲ့သောကြောင့် ကောင်းမွန်လျက်ရှိပါသည်။

ကတိုင်တိကျေးရွာသည် ယွန်းစလင်းချောင်းဘေးတွင် တည်ရှိသောကြောင့် မြစ်ကြောင်းမဟုတ်သော်လည်း ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးကို အနည်းငယ် အသုံးပြုကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ဆိုလာစနစ်ဖြင့် အသုံးပြုသူ အိမ်ထောင်စု (၁၅၀) စု ၊ ဒီဇယ်အင်ဂျင် အသုံးပြုသူ အိမ်ထောင်စု (၁) စု ရှိပြီး၊ လျှပ်စစ်မီး လုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၉) စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကတိုင်တိကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၀၁) လုံး၊ ရေဒီယို (၂၇) လုံး၊ တီဗွီ (၄၇) လုံး၊ ဂြိုလ်တုစလောင်း (၂၉) လုံး စသည်တို့မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကလေးများ ထိရောက်စွာ ပညာသင်ယူနိုင်ရန်အတွက် အစိုးရ ခန့်ဆရာ (၁) ဦးနှင့် ဆရာမ (၄) ဦး၊ ကျေးရွာမှ ခန့်ထားသော ဆရာမ (၁) ဦး ရှိပါသည်။ ကတိုင်တိကျေးရွာပိုင် အထက်တန်းကျောင်းတွင် ကျောင်းဆောင်(၆)ခု ရှိပြီး မိမိတို့ကျေးရွာမှ ကျောင်းသားများနှင့် အခြားကျေးရွာမှ ကျောင်းသားများလည်း ပညာသင်ကြား လျှက်ရှိပါသည်။ ကျောင်းဆောင်များသည် အရည်အသွေးကောင်းမွန်ပြီး ကျောင်းသုံးပရိဘောဂများ လုံလောက်မှုရှိပါသည်။ ကျောင်းသားများအတွက် အိမ်သာများလည်း ကောင်းမွန်ပါသည်။ ကလေးများ ထိရောက်စွာ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာ (၃) ဦးနှင့် ဆရာမ (၂၅) ဦး၊ ကျေးရွာမှ ခန့်ထားသော ဆရာမ (၁) ဦး ရှိသောကြောင့် ဆရာမအင်အား လုံလောက်မှုရှိပါသည်။

ကျေးရွာတွင် စာမတတ်သည့်လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၇.၇၁) ရာခိုင်နှုန်း အထိရှိပြီး အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၄၀.၄၅) ရာခိုင်နှုန်းထိ များပြားခြင်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၂.၆၅) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၃.၄၆) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်မှု အသင့်အတင့် အနေအထားဟု ဆိုနိုင်ပါသည်။ ကတိုင်တိ

ကျေးရွာ၌ မူလတန်းပြီးပါက ကျောင်းထွက်သော ကျောင်းသားများမရှိပဲ ယခုလက်ရှိ အချိန်တွင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကို ကျေးရွာ၌ ပညာဆက်လက် သင်ကြားကြပါသည်။ ယခင်နှစ်များတွင် ကတိုင်တိကျေးရွာရှိ ကလေးများသည် ကျေးရွာပိုင် အထက်တန်းခွဲကျောင်း၌ ပညာရေးကို သင်ကြားနိုင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကို ကမမောင်းမြို့တွင် ဖြေဆိုရပါသည်။ ယခုအခါ အထက်တန်းကျောင်းခွဲ မှ အထက်တန်း ကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းခံရသောကြောင့် ပညာသင်ကြားရာတွင် အခက်အခဲမရှိပဲ ပညာသင်ယူနိုင်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ကျန်းမာရေးဦးစီးဌာနမှ ကျေးရွာ အထိ နှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပါသည်။ ကျေးရွာ၌ ကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် တိုက်နယ်ဆေးရုံတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရလျှက်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြ ပါသည်။ ကျေးရွာသည် ယွန်းစလင်းချောင်းနံဘေးတွင်တည်ရှိသောကြောင့် နွေ၊ မိုး၊ ဆောင်းရာသီများအတွက် ရေလုံလောက်မှုရှိပါသည်။ သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့်အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်း သော ယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုများလည်း ရှိနေပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကတိုင်တိကျေးရွာတွင် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင် ပါသည်။

ကတိုင်တိကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိပါသည်။ မိုးရာသီတွင် တုပ်ကွေးနှင့် ၄က်ဖျား ရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကတိုင်တိကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းလုပ်ဆောင် ကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ကတိုင်တိ			ကျေးရွာအမည် – ကတိုင်တိ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြုကော်မတီများစနစ်တကျ ဖွဲ့စည်းခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စား စီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	

ကျေးရွာအုပ်စုအမည် – ကတိုင်တိ			ကျေးရွာအမည် – ကတိုင်တိ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
	ငန်းများဆိုင်ရာ			
၁၂	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များပြင်ဆင်ခြင်း။	
၁၃	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၄	လူငယ်နှင့်အားကစား	အားကစား	ကျေးရွာပိုင် အားကစားကွင်း ရရှိအောင် ဆောင်ရွက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၆	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၁၇	ကျန်းမာရေး	သားဖွားဆရာမ၊ ကျေးလက်ကျန်းမာရေးမှူး စသည်	ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မေတ္တာရိပ်မြုံလမ်း (၇၀၀' × ၁၂' × ၆") ကို မြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	ဆောင်ရွက်ပြီး
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာပတ်လမ်း (၂၇၀၀' × ၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ယွန်းနဒီလမ်း (၅၀၀' ×၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၂၁	အခြေခံအဆောက်အဦ	သောက်သုံးရေ	အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ရရှိအောင်ဆောင်ရွက်ခြင်း။	
၂၂	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။	

ကျေးရွာအုပ်စုအမည် – ကတိုင်တိ			ကျေးရွာအမည် – ကတိုင်တိ	
စဉ်	**ကဏ္ဍ**	**စီမံချက် ဆိုလိုရင်း**	**စီမံချက်နှင့်လုပ်ငန်းစဉ်များ**	**မှတ်ချက်**
၂၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	အားကစား	အား/ကာဋီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၂၆	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၇	သယံဇာတနှင့် သဘာဝဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	
၂၈				
၂၉				
၃၀				

ကတိုင်တိကျေးရွာ၊ ကတိုင်တိကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစောလင်းဒင်	ဦးလိုင်းနေ	၃/ဖပန (နိုင်) ဂ၁၁ဝဖဖ	၅၄	နာယက	ဂ၉-၄၄၄၈၅၂၇၅၅
၂	ဦးဌေးဝင်း	ဦးလိုင်း	၃/ဖပန (နိုင်) ဂဂဖဂ၁၇၈	၇၃	နာယက	-
၃	ဦးမောင်နု	ဦးမောင်မောင်	၃/သထန (နိုင်) ဝ၃၉၅၉ဂ	၇၅	နာယက	ဂ၉-၂၅၂၇ဖ၅၃ဂ၂	
၄	ဦးစောဘအေး	ဦးထွန်းခင်	၃/ဖပန (နိုင်) ဂ၁၄၉ဂ၅	၃၉	နာယက	ဂ၉-၄၄၂၁ဖဖ၃၃၅
၅	ဦးမြင့်ဇော်	ဦးသန်းထွန်း	၃/ကမမ (နိုင်) ဂဂဂ၂၉ဂ	၄၅	ဥက္ကဋ္ဌ	ဂ၉-၈၉၉၇၄၃ဂ၈ဖ
၆	ဒေါ်လှဝင်း	ဦးတာဖေ	၃/လဘန (နိုင်) ၁ဂ၂၃၈၁	၄ဖ	အတွင်းရေးမှူး	ဂ၉-၄၉၁၈၃၅၁၁၃
၇	ဦးမောင်မောင်	ဦးတာပိုက်	၃/လဘန (နိုင်) ၁၃၁ဂဖဂ	၄ဂ	စာရင်းကိုင်	-
၈	ဦးစောဝင်း	ဦးဘသန်း	၃/ဖပန (နိုင်) ဂ၁၈၃၈၅	၅၈	ဘဏ္ဍာရေးမှူး	ဂ၉-၄၄၈၄၄၇ဖ၁၃
၉	ဦးသက်ထွန်း	ဦးတင့်ငွေ	၃/ဖပန (နိုင်) ဂ၁၁၂၅၇	၃၈	အဖွဲ့ဝင်	ဂ၉-၄၅၂၇၂၇ဖ၉ဂ
၁ဂ	ဦးထွန်းဝင်း	ဦးတင့်ငွေ	၃/ဖပန (နိုင်) ဂ၁၁ဂဂ၃	၄၁	အဖွဲ့ဝင်	ဂ၉-၄၄၁၁ဂ၉ဖဖ၉	
၁၁	ဦးမြင့်	ဦးထွန်းညွှန့်	၁ဂ/ဘလန (နိုင်) ဂ၃၅၁ဆ၁	၅၄	အဖွဲ့ဝင်	ဂ၉-၂ဖ၁ဖ၈၂၈၂ဂ
၁၂	ဦးသန်းရွှေ	ဦးချစ်မောင်	၃/ဖပန (နိုင်) ဂ၁၇ဂ၅၅ဖ	၃၁	အဖွဲ့ဝင်	ဂ၉-၈၉၇၅၄၅၈၁
၁၃	ဦးသိန်းထိုက်	ဦးအာမတ်	၃/ဖပန (နိုင်) ဂဂ၉၄၉၁	၅ဖ	အဖွဲ့ဝင်	ဂ၉-၈၉၉၉၁၇ဖ၁၁

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၁၅	၂၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၉	၂၈	၆၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၁	၄၈	၉၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၂	၄၅	၁၀၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၆	၂၉၉	၅၈၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃	၉	၂၂
စုစုပေါင်း		၄၆၁	၄၄၄	၉၀၅
စုစုပေါင်း အိမ်ထောင်စု		၁၆၀		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ကတိုင်တိကျေးရွာသည် အိမ်ထောင်စု(၁၆၀)စုရှိပြီး လူဦးရေ (၉၀၅) ဦး ရှိပါသည်။ ကတိုင်တိကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် **(၂.၇၆%)**၊ ၅နှစ်အောက် ကလေးငယ်အရွယ်မှာ**(၇.၄၀%)**၊ မူလတန်းကျောင်းသားအရွယ် **(၁၀.၉၄%)**၊ အလယ်တန်းကျောင်းသားအရွယ် **(၁၁.၈၂%)**၊ အလုပ် လုပ်နိုင်သည့် အရွယ် **(၆၄.၆၄%)**၊ သက်ကြီးရွယ်ကြီးအရွယ် **(၂.၄၃%)** ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်ဦးရေသည် တစ်ရွာလုံးရှိဦးရေ၏**(၃၅.၃၄%)**နှင့် အလုပ်လုပ်နိုင်သည့် အရွယ် ကျား **(၂၈၆)** ဦး၊ မ **(၂၉၉)** ဦး စုစုပေါင်း **(၅၈၅)** ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ **(၆၃.၉၆)%** ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသား အရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၆	၉	၇၇	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ□ နိမ့် □
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၁၈	မြင့် □ လတ် ✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	-	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် □ လတ် ✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁	၄	မြင့် □ လတ် ✓ နိမ့် □
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၂	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁	မြင့် □ လတ်□ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် □ လတ်□ နိမ့် ✓

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၆၆	၁၂၂	၆	မြင့် □ လတ် ✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄	-	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၅	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	၄	မြင့် □ လတ်□ နိမ့် ✓
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	၃	မြင့် □ လတ်□ နိမ့် ✓
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	၅	မြင့် □ လတ်✓ နိမ့် □
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	၃	မြင့် □ လတ်✓ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၂၀	အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ကျပန်း /ရာသီအလိုက် အလုပ်သမား	၇၉	၁၄၅	၁၃	မြင့် □ လတ်✓နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	၃၃	မြင့် □ လတ်✓ နိမ့် □
	စုစုပေါင်း	၁၆၀	၂၈၉	၁၇၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကတိုင်တိကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုသော အိမ်ထောင်စု(၆)အိမ်သာရှိပြီး အချို့အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားလုပ်ကိုင်သူများပြားပါသည်။လယ်ယာမြေများတွင် စပါး၊ နှမ်းစသည့် သီနှံများကို စိုက်ပျိုးကြပြီး ဥယျာဉ်ခြံမြေများတွင် ရာဘာပင်များ စိုက်ပျိုးကြ ပါသည်။ ကျေးရွာရှိ အိမ်ခြေ (၁၆၀) အိမ်အနက် (၁၄၇) အိမ်သည် ကုန်စုံဆိုင်၊ စားသောက်ဆိုင်နှင့် နေ့စားလုပ်ငန်းများကိုသာ အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ မွေးမြူရေးဖြင့် အဓိက အသက်မွေး ဝမ်းကျောင်းပြုသော အိမ်ထောင်စု (၁) စုရှိပြီး အခြားဝင်ငွေရ မွေးမြူသည့် အိမ်ထောင်စုများစွာ ရှိပါသည်။။ လက်သမား/ပန်းရံ အလုပ်လုပ်ကိုင်သော အိမ်ထောင်စု (၂)စု ၊ ဆိုင်ကယ် စက်ပြင်လုပ်ကိုင်သော အိမ်ထောင်စု(၃)စု ရှိ၍ ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၁) စုသာ ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇,၀၀၀	၆,၀၀၀	၅,၀၀၀	၄,၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၇,၀၀၀	၆,၀၀၀	၇,၀၀၀	၆,၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၈,၀၀၀	၇,၀၀၀	၆,၀၀၀	၅,၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကတိုင်တိကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဌားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော အိမ်ထောင်စုများ၏ လုပ်အားခနှုန်းထား သတ်မှတ်ချက်၌ အမျိုးသားနှင့် အမျိုးသမီး ကွာခြားရခြင်းမှာ အလုပ်လုပ်ရသည့်ပုံစံများ မတူညီသောကြောင့် ကွာခြားရခြင်းဖြစ်ပါသည်။ အချို့အိမ်ထောင်စုများသည် ကျောက်၊ သဲထုတ်လုပ်ရေးတွင် လုပ်ကိုင်ကြပြီး အမျိုးသား/အမျိုးသမီး လုပ်အားခနှုန်းထားအား တန်းတူညီမျှရရှိပါသည်။ ထို့အပြင် လက်သမား/ပန်းရံလုပ်ငန်းများတွင်လည်းနေ့စားအဖြစ်လုပ်ကိုင်ကြသူများရှိပါသည်။ လုပ်ငန်း အမျိုးအစားပေါ်မူတည်ပြီး အခြားလုပ်ငန်းများတွင် အမျိုးသား/ အမျိုးသမီးများ၏ လုပ်အားခနှုန်းထားများ မတူညီရခြင်းဖြစ်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၁၅	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၇၈	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၉၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကတိုင်ကျေးရွာတွင် လယ်မြေ (၁၁၅) ဧကရှိပြီး စပါးကိုသာ အဓိက သီးနှံအဖြစ် စိုက်ပျိုး၍ ဥယျာဉ်ခြံမြေ (၇၈) ဧက တွင် နှစ်ရှည်ပင်ဖြစ်သည့် ရာဘာပင်များကို စိုက်ပျိုးကြပါသည်။ လယ်ယာမြေများနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ အရည်အသွေးမှာ သင့်တင့်မျှတသော မြေဆီလွှာများ ဖြစ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ နည်း ✓ မရှိ □	လွယ် □ ခက် ✓ အသုံးမပြုနိုင်ပါ□
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကတိုင်တိကျေးရွာ၏ အနီးပတ်ဝန်းကျင်အတွင်း တွင်းထွက်သယံဇာတများ မရရှိပါ။ ကျေးရွာသည် ယွန်းစလင်းချောင်းဘေးတွင် တည်ရှိသောကြောင့် သဲကျောက်များ အသင့်သင့်ရရှိနိုင်သည့်အတွက် လွယ်ကူစွာထုတ်ယူသုံးစွဲနိုင်ပါသည်။ ကျေးရွာတွင် သဘာဝ အပင်မျိုးစိတ်များအနေဖြင့် ဆေးဖက်ဝင်အပင်များရှိသော်လည်း သုံးစွဲရမည့် နည်းပညာများ မသိရှိသောကြောင့် သုံးစွဲရန် အခက်အခဲများရှိပါသည်။ နွား၊ ဆိတ် စသော တိရိစ္ဆာန်များမွေးမြူထားသည့် အကောင်ရေများပြားနေသော်လည်း စားကျက်မြေများနည်းပါးသောကြောင့် နွားစာများအတွက်လည်း အခက်အခဲရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၅	၄၇	၄၇	၃၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကတိုင်တိကျေးရွာတွင် အိမ်ထောင်အများစုသည် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများကို အနည်းငယ်သာလုပ်ကိုင်ကြပြီး ဈေးဆိုင်လုပ်ငန်းများကို လုပ်ကိုင်သူများပြားကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ရာသီလိုက် ကြုံရာကျပန်း လုပ်ငန်းများနှင့် ပြည်ပနိုင်ငံများတွင် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း

ပြုကြပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၂၆	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____၁_____ ချေးယူ = _____၁၅_____ လုပ်အားခကြိုယူ = _____၁၄___
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကတိုင်တိကျေးရွာရှိ ဥစ္စာဓနအဆင့် **"၃"** နှင့် **"၄"** အိမ်ထောင်စု ပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု (၂၆)စုမှာ (၃) လအောက် ဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် လုပ်အားခကြိုယူခြင်း၊ ချေးငှားခြင်းနှင့် အထောက်အပံ့ယူခြင်းဖြင့် ဖြေရှင်းကြသည်။ ဝမ်းစာမဖူလုံသော်လည်း အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်းများ မရှိကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရ သိရပါသည်။ ကျပန်းသမား များမှာ အခြားသောလုပ်ငန်းများတွင် နေ့စား၊ လခစား၊ ပုတ်ပြတ်များ လုပ်ကိုင်ခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ် ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကတိုင်တိကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □ လတ် □ နိမ့်□ မရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကတိုင်တိကျေးရွာတွင် လယ်ယာမြေများအတွက် စိုက်ပျိုးရေ မလုံလောက်ခြင်း၊ ချောင်းနံဘေးလယ်ယာမြေများသည် နှစ်စဉ်ရေကြီးရေလျှံမှုများကြောင့် မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ လယ်ယာမြေတိုးချဲ့ရန် သဘာဝရင်းမြစ်မြေယာအနည်းငယ်ရှားပါးမှုကြောင့် သီးနှံအထွက်နှုန်းများနည်းကာ စားနပ်ရိက္ခာမဖူလုံသည့် ထိခိုက်မှုများရှိပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ တီဘီရောဂါများ၊ မိုးရာသီတုပ်ကွေးဖျားနာခြင်း၊ ငှက်ဖျားရောဂါများဖြစ်တတ်ပြီး ကတိုင်တိတိုက်နယ်ဆေးရုံ တည်ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအား လွယ်ကူစွာ ကုသခံယူနိုင်ပါသည်။ တိရစ္ဆာန်များအနေဖြင့် မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ခွာနာလျှာနာ ရောဂါများ အနည်းငယ်ဖြစ်ပွားလေ့ရှိပါသည်။ ကတိုင်တိကျေးရွာသည် ဖါပွန်-ဘားအံ လမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ✓	လတ် □	နိမ့်□	မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □	လတ် □	နိမ့်✓	မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □	လတ်✓	နိမ့်□	မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □	လတ် ✓	နိမ့်□	မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □	လတ် □	နိမ့်□	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □	လတ် □	နိမ့်✓	မရှိ □

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်✓ မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် ✓ နိမ့်□ မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကတိုင်တိကျေးရွာတွင် လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုများရှိသောကြောင့် လူငယ်များ မထိခိုက်နိုင်စေရန်နှင့် မူးယစ်ဆေးဝါးများ ကင်းစင်စေရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများဖြစ်သည့် လက်လုပ်လက်စားနှင့် ကျပန်းလုပ်ကိုင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း အလွန်နည်းပါး ပါသည်။ လှည့်လည်သွားလာ၍ ဈေးရောင်းသူများသည့် အခြားသောကျေးရွာများသို့ သွားရောက်ရသောကြောင့် လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းနယ်မြေ မအေးချမ်းခြင်းတို့ကြောင့် စိုးရိမ်ရသည့်အခြေအနေများရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရွှေ့ပြောင်းလုပ်သားများ လုပ်ကိုင်သူဦးရေ များပြားပါသည်။ ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးသည် ကောင်းမွန်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက အဖွဲ့	၁□ ၂□ ၃✓	၁၃	၄	၁၇	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း ✓ သင့် □ ညံ့ □
၂	ရပ်မိရပ်ဖ အဖွဲ့	၁□ ၂✓ ၃□	၉	-	၉	ပညာရေး □ ငွေကြေး ✓ ကျန်းမာရေး □ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် □ ညံ့ □
၃	ကျောင်းအ	၁□ ၂✓ ၃□	၉	၃	၁၃	ပညာရေး ✓ ငွေကြေး □	ကောင်း ✓

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
	ကျိုးတော်ဆောင်ကော်မတီ အဖွဲ့					ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့် ☐ ညံ့ ☐
၄	သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့	၁☐ ၂✓ ၃☐	၆	၁	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၅	ဓမ္မစကူးလ်ဖောင်ဒေးရှင်း အဖွဲ့	၁☐ ၂☐ ၃✓	၃	၂	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၆	ကာလသားကာလသမီးအဖွဲ့	၁☐ ၂✓ ၃☐	၁၂	၂၀	၃၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၇	အရန်မီးသတ်အဖွဲ့	၁☐ ၂✓ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

